

# Introduction to a New Academic Journal in Burma

# သုတေသနဂျာနယ်သစ် နိဒါန်းစကား

ဦးရွှေရိုး **(James Scott)**

The *Journal of Burmese Scholarship* (သိစပ်မြင်နှံ့) ၏ ပထမဆုံးစာစောင်ကို တတ်သိပညာရှင်များနှင့် မြန်မာ့အရေး လေ့လာသူများ၏လက်ဝယ်သို့ အရောက် ပို့ဆောင် ပေးနိုင်သည့်အတွက် ဝမ်းမြောက်မိပါသည်။ ကျွန်တော်တို့ အနေဖြင့် ဤ ဂျာနယ်သည် မြန်မာနိုင်ငံတွင် တက်ကြွထက်သန်သောဝေဖန်ပိုင်းခြားသုံးသပ်ဆွေးနွေးမှုများထွန်းကားသော လူ့အသိုင်းအဝိုင်း တစ်ခု ပေါ်ပေါက် လာစေရေး အတွက် များစွာအထောက်အကူ ပြုလိမ့်မည်ဟုယုံကြည်ပါသည်။

ဤဂျာနယ်တွင် ကျွန်တော်တို့ အသုံးပြုထားသည့်ချဉ်းကပ်မှုများမှာ မြန်မာ့လူ့အဖွဲ့အစည်းအတွက် အရေးပါသည့်ကိစ္စရပ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များတွင် အသိဉာဏ်နှင့် ယှဉ်သော ဝေဖန်ဆွေးနွေး နီးနှောဖလှယ်မှု ရှိသည့် အသိပညာ ရပ်ဝန်းတစ်ခုကို ရေရှည် တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေးပင် ဖြစ်သည်။ ဤဂျာနယ်၏ စာစောင်တစ်ခုချင်းစီသည် အကြောင်းအရာခေါင်းစဉ် တစ်ခုချင်းစီကို အခြေခံ၍ ကျင်းပပြုလုပ်သောအလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ပြီး စာတမ်းများ ရေးသား ဖတ်ကြား တင်သွင်း၍ သော်လည်းကောင်း ဝေဖန် အကြံပြုထောက်ပြဆွေးနွေးခြင်းဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ခဲ့ကြသော သတင်းစာဆရာများ၊ ဝတ္ထုရေးဆရာများ၊ ကဗျာဆရာများ၊ သိပ္ပံပညာရှင်များ၊ လူထုအသိပညာရှင်များတို့၏ အသိပညာဆိုင်ရာ ထည့်ဝင်မှုများ ပင်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အလုပ်ရုံဆွေးနွေးပွဲများတွင် အဆိုပါပုဂ္ဂိုလ်များမှ မိမိတို့၏ သုတေသနရလဒ်များကိုစာတမ်းဖတ်ကြားခြင်း၊ အခြားစာတမ်းရှင်များ၏ စာတမ်းများကိုနားထောင်ပြီး ပါဝင်ဆွေးနွေးပေးခြင်းတို့ဖြင့်အတူတကွစွာ ပါဝင်လုပ်ကိုင်ခဲ့ပါသည်။ ဤဆွေးနွေး ပွဲတို့၏ရလဒ်အဖြစ်၊ ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့သော စာတမ်းများကို မြန်မာဘာသာ၊ အင်္ဂလိပ် ဘာသာတို့ဖြင့် စုစည်း တည်းဖြတ် တင်ဆက်ခြင်းသည် ဤ ဂျာနယ်၏ အဓိက လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏အခြေအနေနှင့် ဆီလျော်စွာပင် ဂျာနယ်၏ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှင့် ပတ်သက်၍ လေ့လာ သုံးသပ် တင်ပြထားသော စာတမ်းများ ဖြစ်ပါသည်။

ကျွန်တော်တို့၏ ရည်ရွယ်ရင်းမှာသက်ဆိုင်ရာသုတေသနခေါင်းစဉ်တစ်ခုချင်းစီနှင့်ပတ်သက်၍ အနုပညာဆိုင်ရာ၊ ရသစာပေဆိုင်ရာ၊ လူမှုသိပ္ပံဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ မနုဿဗေဒဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ ဘဝမှတ်တမ်းများဆိုင်ရာ နယ်ပယ်အစုံ ရှုထောင့် အစုံတို့မှ သုံးသပ်တင်ပြလာသော အမြင်များကို စုစည်းဖော်ပြရေးပင် ဖြစ်ပါသည်။ ဤကဲ့သို့ စုစည်း ဖော်ပြရာတွင် ဘာသာရပ် တစ်ခု ရှုထောင့် တစ်ခုတည်းကိုသာ ဖောင်းပေးခြင်းထက်စုံလင်မျှတသောရှုမြင်ချက်များကိုအရောင်အသွေးစုံစုံလင်လင်ဖြင့် တင်ပြလိုပါသည်။

ဤ ဂျာနယ်မှ ကနဦး ရွေးချယ်ထားသော သုတေသနခေါင်းစဉ်များမှာ –

၁။ အသိပညာရှင်အတတ်ပညာရှင်များ၊ ပညာတတ်သူနှင့် အုပ်ချုပ်သူများ
၂။ စစ်ဖက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ဘဝမှတ်တမ်းများနှင့် မြန်မာ့သမိုင်း
၃။ အောက်ခြေနင်းပြားလူတန်းစားများနှင့် ပင်မရေစီးသမိုင်းကြောင်းမှ ဖယ်ကျဉ်ခံရသူများ၏ သမိုင်း
၄။ ၁၉၃၀မှ ၂၀၁၀အထိ မြန်မာစာပေနှင့် အနုပညာ တိုးတက်ဖြစ်ပေါ်လာမှု
၅။ ကိုလိုနီခေတ်မှသည် မြန်မာ့နွေဦးခေတ်အထိ ကျောင်းသားလှုပ်ရှားမှု၏ စေ့ဆော်မှုများနှင့် ပြည်သူ့ဘဝအခြေအနေကိုကိုယ်စားပြုမှုများ
၆။ ဖက်ဒရယ်ဝါဒ၊ တိုင်းရင်းသားသရုပ်လက္ခဏာနှင့် အမျိုးသားရေးဝါဒ
၇။ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ အကျဉ်းထောင်များနှင့် အကျဉ်းထောင်အခြေပြုစာပေများ

တစ်နည်းဆိုရပါလျှင် ကျွန်တော်တို့ဂျာနယ်သည် ၁၉၁၀ ခုနှစ်တွင် တည်ထောင်ပြီး ၁၉၇၉ခုနှစ်တွင်စစ်အာဏာရှင်အစိုးရ၏ဖျက်သိမ်းခြင်းကို ခံခဲ့ရသော မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၏နေရာတွင် အစားထိုးဖြည့်ဆည်းပေးရန် ရည်သန်ပါသည်။ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်သည် ၂၀ရာစု ကာလ နှစ်အတော်များများတွင် သုတေသီများ၊ ကျွမ်းကျင်သူများ၊ အပျော်တမ်းသုတေသီများ၊ ဒေသခံမြန်မာတိုင်းရင်းသားများနှင့် ဒေသခံမဟုတ်သူများ၊ သမိုင်း ပညာရှင်များ၊ လူမှုသိပ္ပံ ပညာရှင်များ၊ စာပေ ဝေဖန်ရေး ပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များ၏အသိဉာဏ်ပညာဆိုင်ရာဆုံချက်ဖြစ်ခဲ့ပြီး ထိုအသိပညာ ရွှေခေတ်ကို ပြန်လည် ထွန်းပလာစေရန် ကျွန်တော်တို့ ဂျာနယ်က နိုင်ငံတကာ အရည်အသွေးမီ သုတေသန စာတမ်းများဖြင့် ပါဝင်ဖြည့်ဆည်းလိုပါသည်။ ဤ

ဂျာနယ်ကို ထုတ်ဝေရန် စိတ်ကူးရခဲ့သည်မှာ ၂၀၁၁ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပါသည်။ မြန်မာ့နွေဦးဟု ခေါ်ဆိုသော မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးများအရှိန်အဟုန်ဖြင့် မစတင်မီတွင် ပြည်ပရောက် မြန်မာသုတေသီ ၇ ဦးနှင့် မြန်မာ့အရေးလေ့လာသူ အနောက်တိုင်းသုတေသီ သုံးဦးတို့ တွေ့ဆုံကြရာမှ အစပြုခဲ့ပါသည်။ တိုးတက်ပြောင်းလဲလာသောနိုင်ငံရေးအခြေအနေများအရ ကျွန်တော်တို့ဂျာနယ်၏ လုပ်ငန်းဆောင်တာများကို မြန်မာနိုင်ငံတွင် အခြေစိုက်ရန် အခြေအနေပေးလာသောအခါ အဖွဲ့ဝင် ၆ ဦးကို ထပ်မံ ဖိတ်ခေါ်ပြီး ရန်ကုန်မြို့တွင် အခြေစိုက်၍ ဂျာနယ် ထုတ်ဝေရေးလုပ်ငန်းများကို လုပ်ဆောင်ရန် စိုင်းပြင်းခဲ့ကြပါသည်။

ပြည်တွင်း အခြေစိုက် NGOများ၊ ကုသိုလ်ဖြစ် အဖွဲ့အစည်းများ၊ စကားဝိုင်းများ၊ လူမှုရေးအသင်းအဖွဲ့များတို့၏ တက်ကြွထက်သန်သော အသိပညာဆိုင်ရာနှင့် အသင်းအဖွဲ့ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို မျက်ဝါးထင်ထင် ရှုမြင်ခွင့်ရခဲ့ပါသည်။ ယခုကဲ့သို့ မျှော်လင့်ချက် ရောင်ခြည်များ သန်းလာချိန်တွင် ကျွန်တော်တို့ဂျာနယ်၏ အနည်းငယ်မျှသော အသိပညာဆိုင်ရာပါဝင်မှုသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အနာဂတ်အတွက် အကျိုးကျေးဇူးတစ်စုံတစ်ရာ သက်ရောက်လိမ့်မည်ဟု မျှော်လင့်နေပါသည်။